# နွေဦးဘူတာ

နွေသစ်ငြိမ်း

ကဗျာနှင့် အက်ဆေးများ



# အမှာ စာ

ဝတ္ထုတိုနှင့် ပတ်သက်၍ ပြောမည်ဆိုလျှင် ကျွန်တော် အမြဲ အမှတ်ရနေမိတာ ရှိသည် ။ ယင်းမှာ "ဝတ္ထုတိုကို ဘယ်လိုရေးမလဲ"ဆိုသည့် မေးခွန်းနှင့် "သင့်နှလုံးသားကို ကြည့်ရေးပါ" ဆိုသည့် အဖြေပင် ဖြစ်သည် ။ နောက်ထပ် ကျွန်တော် မှတ်မိနေသည် မှာ အတိုဆုံး ဝတ္ထုတိုအဖြစ် ဖတ်ရှုခဲ့ရသော တရုတ်ဝတ္ထုတို တစ်ပုဒ်။ ကျွန်တော်ဖော်ပြပါရစေ။ ပြည့်တန်ဆာ = ကျွန်မ အမှောင်ကို မကြောက်တော့ဘူး။ သူခိုး = တို့ တော်လှန်ကြစို့ဟူသော စာသားများ ပါဝင်ပါသည် ။ ဝတ္ထုတိုကလေးမှာ ဤမျှသာပဲ။ ကျွန်တော်သည် ယခုဖော်ပြခဲ့သော တရုတ်ဝတ္ထုတိုကို တုပ၍ စာသားအနည်းငယ်မျှသာ ပါသော ဝတ္ထုတိုကို ရေးကြည့်ဖူးပါသည် ။ ဤသည် ကိုလည်း ဖော်ပြပါရစေဦး။ အဘိုး = "အကြော်ကလေးရေ" ။ မြေး = "ဂျာ" စာသားမှာ ဤမျှသာပါပဲ။ ကျွန်တော့်သားကြီး ငယ်စဉ်က သူ့အဘိုးအဘွားတို့ ထံ ပို့ထားရသည် ။ သူ အရွယ်ရောက်လာတော့ သူ့အတွေ့အကြုံတွေကို ပြောပြသည် ။ ကျွန်တော် ငယ်ငယ်က အဖေကြီးက "အကြော်ကလေးရေ"လို့ ခေါ်ရင် "ဂျာ"လို့ ပြန်ထူးတာဗျ ဟူ၏။ သူ့အောက် ညီမွေးလာတော့ သူ့အမေက သားကြီး မေမေ့နို့ မစို့နဲ့ တော့နော်ဟု ဆိုရုံမျှဖြင့် သူနို့မစို့တော့။ သူ့အဘိုးအဘွားတို့ က သူ့ကို နို့ဘူးထဲထမင်းရည် ထည့်ပြီး တိုက်သည် ။ ကျွန်တော်ပြောလိုရင်းမှာ လူမှုဘဝကို ထင်ဟပ်ပုံ ဖြစ်ပါသည် ။ ကျွန်တော် စာရေးစက မည်သည့်စံ မရှိ။ မ

ည်သည့်အယူအဆမျှ မရှိဟု ပင် ဆိုနိုင်ပါသည် ။ တရုတ်စာရေးဆရာ တာဖူ၏ မှုးယစ်ဝေသော နွေဦးညများကို ကျွန်တော်ဖတ်ရသည် ။ ဆရာ ဒဂုန်တာရာက မြန်မာ ဘာသာသို့ ပြန်ဆိုရေးသားထားခြင်းဖြစ်ပြီး ယင်းဝတ္ထုတို သည် ကျွန်တော့်အပေါ် လွှမ်းမိုးခဲ့သည် ။ စာပေနယ်ကို ဖြ တ်သန်းရင်း အတွေ့အကြုံ အတန်အသင့် ရလာတော့ ကျွန်တော့်ရင်ထဲ မှာ စုဖွဲ့ မိတာကလေးများ ရှိလာသည် ။ ယင်းမှာ စာရေးသားရာတွင် လူ မှုဘဝကို ထင်ဟပ်၍ နှစ်လို ဖွယ် ဖြစ်အောင် ကြိုးပမ်းခြင်း၊ ရိုးရှင်းလွယ် ကူ၍ လေးနက်မှုပါရှိရန် ကြိုးပမ်းခြင်းနှင့် ကောင်းမွန်သော အလားအ လာနှင့် မျှော်လင့်ချက်ထားရှိနိုင်မှု ကို ဖော်ပြခြင်းတို့ ပင် ဖြစ်ပါသည် ။ ယင်းမှာ ယခုလက်ရှိ ကျွန်တော့်၏ ပိုင်းဖြတ်ရပ်ပုံတစ်ခု ဖြစ်ပါသည် ။

စာရေးသူတစ်ယောက်တွင် သူ အားသန်သော အချက်များကို သူ၏ စာများ ထဲတွင် တွေ့နိုင်သည် ။ ယခု နွေသစ်ငြိမ်း၏ နွေဦးဘူတာကို ကျွ န်တော် ဖတ်ကြည့်တော့ သူ့မှာ ကိုယ်ပိုင်အရေးအသား ပုံစံတစ်ခုရှိနေသ ည် ကို သတိပြုမိသည် ။ တချို့ အရေးအသားများက ဟစ်ပီဆန်နေသော် လည်း လိုက်ဖက်နေသည် ။ သူ့တင်ပြပုံ သူ့ဇာတ်ကြောင်းနဲ့ ကိုက်ညီနေ သည် ။ ပြီးတော့ သူသည် စကားပြေ၏ ခွန်အားကို တွေ့ရှိထားသော အ သုံးပြုတတ်သောသူ တစ်ယောက်လည်း ဖြစ်နေသည် ဟု မှတ်ချက်ပြုလို သည် ။ အဖြူရောင်ဟာ ငါ့ရဲ့ Favourite ဖြစ်ပြီး အနက်ရောင်က ငါ့ည တွေကို လန့်နိုးစေသော အမှောင်ဖြစ်တယ်ဟု သူရေးသည် ။ အခုဆို မင်းရယ်သံ သေးသေးလေးတွေကို လွမ်းနေရတာက အဝေးက တိမ်တွေ ကို လှမ်းကြည့်ရသလိုမျိုးလားလို့ ထင်တယ်ဟု သူဖွဲ့သည် ။ မိုးစုံးစုံးချုပ် ပြီဆို လာနေကျလမ်းမှာ နင့်အသံလေးတွေ သွားရှာတတ်တဲ့ လူတစ် ယောက်ရှိတယ်ဟု သူဆိုသည် ။ လုံလောက်သော ရေးဖွဲ့မှုကို သူပိုင်ဆိုင် ထားသလိုပင် ဖြစ်ပါသည် ။ ကျွန်တော့်ကို အသက် (၂၀) ဝန်းကျင်

လူငယ်ဘဝ တစ်ခေါက် ပြန်ရောက်ရှိစေ သလိုပါပဲ။ အထက်တွင် ဆိုခဲ့သော စကားရပ်နှင့် ဆက်စပ်ဆိုရလျှင် နွေသစ်ငြိမ်းသည် သူ့နှလုံးသားကို ကြည့်၍ ရေးနိုင်သူတစ်ယောက်ပင် ဖြစ်သည် ။ သူသည် ချစ်မေတ္တာကို မျက်နှာမူထားဟန် ရှိသည် ။ ဒါပေမဲ့ သည်းထန်ဆဲ အလွမ်း ထဲမှာ ကျရောက်နေတဲ့ လူငယ် တစ်ယောက်ရဲ့ နေ့ရက်များကို သူပြောပြနေသည် ။ သူ့အရေးအသားကို ခင်ဗျား နှစ်ခြိုက် သွားနိုင်သည် ။ ခင်ဗျား နှစ်ခြိုက် သွားရင် နည်းနည်းတော့ မွန်းကျပ်သွားနိုင်သည် ။ ပြင်းပြတဲ့ ဘဝကလေး တစ်ခုထဲက လူငယ်တစ်ယောက်ရဲ့ ဟန်ပန်ကို ခင်ဗျား လွယ်လွယ်နဲ့ လက်ခံ နိုင်ခဲ့ပုံကို ပြန်စဉ်းစားကြည့်စေချင်သည် ။ ရိုးသားမှုနည်းနည်းနဲ့ နာကျင်မှု နည်းနည်း ရောစွက်နေတဲ့ လူငယ်ကလေး တစ်ယောက်ရဲ့ ပိုင်းဖြတ်ရပ်ပုံပါပဲ။ လေတွေတိုက်တာ ခန်းဆီးတွေ လှုပ်ရှံလေးပဲတဲ့ ။ ဝရန်တာပေါ်က ပစ်လိုက် တဲ့ စက္ကူစွန်တွေ မင်းဆီရောက်နေပြီလား။ ပျက်ကျသွားတဲ့ အသံတွေထဲမှာ သတိရသေးလားဆိုတဲ့ မေးခွန်းတွေပါတယ်။ ကောင်းပြီ။ ကျွန်တော်တို့ ဆက်လက် ဖတ်ရှုကြည့်ကြမည်။ သူသည် သူ၏ အရေးအသားများ ထဲမှ တစ် ခုကို နက်ပြာရောင်ခိုထီးလေးဟု အမည်ပေးနိုင်သူတစ်ယောက်ဖြစ်ပါသည် ။

ကျွန်တော်တို့ သူ့ကို မျှော်လင့်ကြမည်။<br>
လေးစားစွာဖြင့်<br>
နေမျိုး<br>
၂၂၊ ၇၊ ၂၀၁၈<br>
ည ၈ : ၃၅ နာရီ

* * *

## အမှာ စာ

လုပ်နိုင်တာထက် ပိုပြီး ပင်ပန်းခဲ့တယ်။

Only Me ထက် အဘက်ဘက်က ပိုပြီး ကောင်းအောင် အများကြီး ကြိုးစားထားပါတယ်။ ပထမစာအုပ်မှာ တချို့အရာတွေကြောင့် စာဖတ်သူတွေကို အားတုံ့အားနာ ဖြစ်ခဲ့ရတဲ့ အတွက် ဒီစာအုပ်နဲ့ ပြန်ပြီး ဖြေသာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဖတ်ကြည့်ပါ။

အမှာ စာနှင့် Cover ပန်းချီအတွက် ဆရာနေမျိုး၊ စာအုပ်နာမည်အတွက် Singer ကိုဌေးလင်း (ကလေးပန်းချီ) ဝယ်ယူသိမ်းဆည်းပေးကြမယ့် Online ပေါ်မှ သူငယ်ချင်းများ လုပ်ချင်တာကို စိတ်ကြိုက်လုပ်ခွင့်ရဖို့ အစစအရာရာ အနီးကပ် ဖြည့်ဆည်းပေးခဲ့သူနှင့် ကျေးဇူးရှိသူ အားလုံးသို့ အထူးပင် ကျေးဇူးတင်ပါကြောင်း။ လေးစားချစ်ခင်စွာဖြင့်...။

**နွေဦးဘူတာမှ ..**
**နွေသစ်ငြိမ်း**
**၂၅၊ ဇူလိုင်၊ ၂၀၁၈**

****

ဆံပင်အရှည်ထားမယ်

စိတ်ကို ရှည်အောင် ကြိုးစားမယ်
ခရီးအရှည်ကြီးတွေ သွားမယ်
နောက်ဘဝ အရပ်ပိုရှည်ပါစေ ဆုတောင်းမယ်
ဒါပါပဲ။

**နွေသစ်ငြိမ်း**

****

အခုတလော ညတိုင်းလိုလို
အိပ်မက်တွေ မကောင်းဘူး
ကိုယ်တို့ ဝေးသွားတာ သွေးရိုးသားရိုးမှ
ဟုတ်ရဲ့ လားကွယ်.....။

* * *